**ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ**
**၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၆)ရက်**
**MICC II**
**နေပြည်တော်**

## အဆိုပြုချက်များ

### *နိုင်ငံရေးဆွေးနွေးပွဲများ၏ အချိန်ကာလနှင့် ပတ်သက်၍ အဆိုပြုချက် (၁)*

တတိယအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ညှိနှိုင်းအစည်းအဝေး (JICM) ဆုံးဖြတ်ချက် (၂၀၁၅-ကညစ ၃/၄) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆုံးဖြတ်ချက် (၂၀၁၅-ပငက ၃/၂၀) တို့မှ အဆိုပြုထားသည့်အတိုင်း "ပြည်ထောင်စုသဘောတူစာချုပ် ရရှိနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးရမည့် အချိန်ကာ" ကို (၃)နှစ်မှ (၅)နှစ်အတွင်း ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းကို ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ အဆိုပြုတင်သွင်း အပ်ပါသည်။

### *ဒုတိယအကြိမ် ညီလာခံကျင်းပရေးဆိုင်ရာ အဆိုပြုချက် (၂)*

ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို သင့်တင့်လျောက်ပတ်သော အချိန်ကာလတွင် ဆောလျင်စွာ ကျင်းပသွားနိုင်ရေးကို ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ အဆိုပြုတင်သွင်းအပ်ပါသည်။

### *ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ အဆိုပြုချက် (၃)*

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်အရ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် အမျိုးသမီး ၃၀% ပါဝင်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်ဟု သဘောတူခဲ့သော်လည်း ယခုကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးတွင် လုပ်ငန်းစဉ်တွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သင့်သော အမျိုးသမီးများ ပါဝင်လာရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အစုအဖွဲ့အသီးသီးမှ ကြိုးစားသင့်ကြောင်းကို အဆိုပြုအပ်ပါသည်။

### *မှတ်တမ်းတင်ခြင်းဆိုင်ရာ အဆိုပြုချက် (၄)*

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ရရှိနိုင်ရေးအတွက် သော်လည်းကောင်း ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် အဖွဲ့အစည်းများ၊ ဝန်းရံပံ့ပိုးသူများကို ဤပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။